# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

# အကောက်ခွန်ဦးစီးဌာန

## ယာဉ်မောင်း-၅ ရာထူးအတွက် ဖြေဆိုရမည့် နေ့ရက်နှင့် အချိန်တို့အား ထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ယာဉ်မောင်း-၅ရာထူးအတွက် လျှောက်လွှာများခေါ်ယူခဲ့ပြီးဖြစ်ရာ ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်း ဖြေဆိုခွင့်ရရှိသူ(၃၅)ဦး၏ လျှောက်လွှာအမှတ်စဉ်များအား ၁၀-၁၁-၂၀၂၅ ရက်နေ့ တွင် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mmနှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့၌ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယာဉ်မောင်း-၅ ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းကို ၂၅-၁၁-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ယာဉ်မောင်း-၅ ရာထူး ဖြေဆိုခွင့်ရရှိသူများသည် အမှတ်(၁)အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(AIPT)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၅-၁၁-၂၀၂၅ ရက်နေ့၊ နံနက်(၀၉:၀၀)နာရီအရောက် သတင်းပို့ရမည်ဖြစ်ပြီး ဌာနမှထုတ်ပေးထားသော လျှောက်လွှာအမှတ်စဉ်လက်ခံစာရွက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် ယာဉ်မောင်း လိုင်စင် (မူရင်း)တို့အား ယူဆောင်လာရမည်ဖြစ်ပါသည်။ ဆက်သွယ်ရမည့် ဖုန်းနံပါတ်မှာ ၀၉-၂၆၄၅၄၈၁၇၂ ဖြစ်ပါသည်။

၃။ လူတွေ့စစ်ဆေးခြင်းကို ၂၆-၁၁-၂၀၂၅ ရက်နေ့၊ နံနက် (၀၉:၀၀)နာရီတွင် ထောက်ပံ့ရေး နှင့်ပို့ဆောင်ရေးဌာနခွဲ၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၌ ပြုလုပ်သွားမည် ဖြစ်သည်။

၄။ အောင်မြင်သူများစာရင်းကို အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် ထပ်မံ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း/Viber-၀၉၆၇၈၉၀၈၃၀၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**